***ဘာဖြစ်လို့ ကျွန်ုပ်ရဲ့ ငွေစာရင်းကို အသုံးပြုလို့ မရတော့တာလဲ?***

*သတ်မှတ်ထားသော အချိန်ကာလ တစ်ခုအတွင်း လူကြီးမင်း၏ ဤငွေစာရင်းမှတစ်ဆင့် ငွေကြေးလွှဲပြောင်းမှု တစ်စုံတစ်ရာ မပြုလုပ်သည့်အတွက် ဤသတင်းပေးချက်ကို ရရှိခြင်း ဖြစ်ပါသည်။ Customer များ၏ကာလအတန်ကြာအသွင်းအထုတ်မရှိသောစာရင်း ကို အခြားသူများမှ ခွင့်ပြုချက် မရှိပဲ ဝင်ရောက်မှု ပြုလုပ်သော ဖြစ်စဉ်များမှ ကာကွယ်နိုင်ရန် အဆိုပါ ငွေစာရင်းအား ပိုင်ရှင်မှ ပြန်လည် ဖွင့်လှစ် အသုံးပြုချိန်မတိုင်မီအထိ ငွေကြေးလွှဲပြောင်းမှု မပြုလုပ်နိုင်ရန် တားဆီးခြင်းဖြင့် Customerများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် ကမ္ဘောဇဘဏ်တွင် တာဝန်ရှိပါသည်။*

*ငွေစာရင်းများ ယာယီဆိုင်းငံ့ ခံရခြင်းသည် အကြောင်းရင်းများစွာကြောင့် ဖြစ်နိုင်ပါသည်။*
*၁) ငွေကြေးမသမာမှု ဖြစ်နိုင်ချေရှိသော သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ တွေ့ရှိရပါက ငွေစာရင်းအား ယာယီဆိုင်းငံ့ခြင်း*
*၂) လက်ရှိ ဘဏ်လုပ်ငန်း ကျင့်သုံးမှုအရ (၉၉၉)ရက်အတွင်း Customerထံမှ ငွေကြေး လွှဲပြောင်းမှု တစ်စုံတစ်ရာ မရှိသော ငွေစာရင်းများကို ကာလအတန်ကြာ ငွေအသွင်းအထုတ်မရှိသော ငွေစာရင်းများ အဖြစ် သတ်မှတ်လိုက်ခြင်း*
*၃) အစိုးရ အာဏာပိုင် သို့ တရားရုံးမှ ငွေစာရင်းအား ဆိုင်းငံ့ရန် အမိန့်ချမှတ်ခြင်း*
*၄) ငွေစာရင်းသည် ကာလအတန်ကြာ ငွေအထုတ်အသွင်း မရှိတော့ခြင်းကြောင့် ကာလအတန်ကြာ ငွေအသွင်းအထုတ်မရှိသော ငွေစာရင်း (၉၉၉ရက်)*

***ဒီလို တားဆီးမှုကို ဘဏ်က ဘယ်လို အချိန်မှာ လုပ်လေ့ရှိလဲ?***

*Customer၏ အကျိုးစီးပွားကို ကာကွယ်ခြင်းသည် ဘဏ်၏ ကျင့်ထုံးများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့်အညီ ကမ္ဘောဇဘဏ် အနေဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုခြင်း မရှိတော့သော ငွေစာရင်းများကို ငွေကြေးလွှဲပြောင်းမှု မပြုလုပ်နိုင်ရန် ယာယီဆိုင်းငံ့မည် ဖြစ်ပါသည်။ Customer အနေဖြင့် ၎င်း၏ငွေစာရင်းဖြင့် (၉၉၉)ရက်အတွင်း မည်သည့် ငွေကြေးလွှဲပြောင်းမှု တစ်စုံတစ်ရာအား ပြုလုပ်ခြင်း မရှိပါက အဆိုပါ ငွေစာရင်းအား ငွေကြေးလွှဲပြောင်းမှု မပြုလုပ်နိုင်ရန် ယာယီဆိုင်းငံ့မည် ဖြစ်ပါသည်။*

***ငွေစာရင်းကို ပြန်လည် ဖွင့်လှစ်လို့ ရနိုင်တယ်ဆိုရင် ဒီအကြောင်းကို အသေးစိတ် ရှင်းပြပေးပါ။***

*Customer များအနေဖြင့် ကာလအတန်ကြာ ငွေအသွင်းအထုတ် မရှိသော ငွေစာရင်းများအား ပြန်လည်အသုံးပြုလိုပါက သက်ဆိုင်ရာ မူလ ငွေစာရင်း ဖွင့်ခဲ့သည့် ဘဏ်ခွဲတွင် ပြန်လည်လျှောက်ထားနိုင်ပါသည်။*
- *ဘဏ်သို့ လူကိုယ်တိုင် လာရောက်ရမည်။*
- *စစ်ဆေး အတည်ပြုနိုင်ရန် မှတ်ပုံတင်/ကိုယ်ရေးအချက်အလက်များ ယူဆောင်လာရမည်။*

*ဤလုပ်ဆောင်ချက်အတွက် ဘဏ်ခွဲရှိ ဝန်ထမ်းများမှ လူကြီးမင်းကို ကူညီရန် အသင့်ရှိနေမည် ဖြစ်ပါသည်။*

***ငွေစာရင်းအား ပြန်လည်ဖွင့်လှစ်ပြီးပါက အခြား ဘာများ ထပ်ပြီး လုပ်ဆောင်ရမလဲ?***
*ငွေစာရင်းအား အောင်မြင်စွာ ပြန်လည် ဖွင့်လှစ်ပြီးပါက အဆိုပါ ငွေစာရင်းဖြင့် ပုံမှန် ငွေကြေးလွှဲပြောင်းမှု လုပ်ငန်းစဉ်များ ပြန်လည် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။*

***ငွေစာရင်းကို အသုံးမပြုတော့တဲ့အတိုင်း ဆက်လက်ထားရင် ဘာဖြစ်မလဲ?***

*ငွေစာရင်းအား (၇)နှစ်နှင့်အထက် ကာလအတန်ကြာ ငွေအသွင်းအထုတ် မပြုလုပ်ပါက အဆိုပါ ငွေစာရင်းအား ၂၀၁၆ ငွေရေးကြေးရေး အဖွဲ့အစည်းများဆိုင်ရာ ဥပဒေအရ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အစီရင်ခံ တင်ပြသွားမည် ဖြစ်သည်။*